# ၁၉၇၆ ခုနှစ်၊ သုံးဦးသုံးဖလှယ် တိုင်ပင်ဆွေးနွေးအကြံပြုခြင်း (အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံချိန်စံညွှန်းများ) ဆိုင်ရာပြဋ္ဌာန်းချက် (၁၄၄)

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံချိန်စံညွှန်းများကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရန် သုံးဦးသုံးဖလှယ် တိုင်ပင်ဆွေးနွေးအကြံပြုခြင်းဆိုင်ရာပြဋ္ဌာန်းချက် (၁၉၇၈ ခုနှစ်၊ မေလ (၁၆) ရက်နေ့တွင်စတင် အာဏာသက်ရောက်သည်။)

ပြဋ္ဌာန်းချက်အမည် - C - ၁၄၄ (ပြဋ္ဌာန်းချက်အမှတ် - ၁၄၄)
နေရာ - ဂျီနီဗာမြို့
ညီလာခံအမှတ် - ၆၁
စတင်လက်ခံကျင့်သုံးသည့်နေ့ - ၁၉၇၆ ခုနှစ်၊ ဇွန်လ (၂၁) ရက်
ပြဋ္ဌာန်းချက်အနေအထား - အာဏာတည်ဆဲ ပြဋ္ဌာန်းချက်ဖြစ်သည်။
ဤပြဋ္ဌာန်းချက်ပါ အကြောင်းအရာများကို - ပြင်သစ်၊ စပိန်၊ ဂျာမန်၊ ပေါ်တူဂီ၊ ရုရှား၊ တရုတ်ဘာသာစကားတို့ဖြင့် ရေးသားဖော်ပြထားပါသည်။

၁၉၇၆ ခုနှစ်၊ ဇွန်လ (၂) ရက်နေ့တွင် (၆၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံး၏ အုပ်ချုပ်မှုအဖွဲ့က ကြီးမှူးလျက်၊ ဂျီနီဗာမြို့တွင် ကျင်းပပြုလုပ်ရာ၊

အဖွဲ့အစည်းများကို လွတ်လပ်စွာဖွဲ့စည်းနိုင်ရန်၊ အလုပ်ရှင်များနှင့် အလုပ်သမားများတို့၏ အခွင့်အရေးများကို အခိုင်အမာအတည်ပြုပေးကာ၊ ပြည်သူ့အာဏာပိုင်များ၊ အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများအကြား၊ အမျိုးသားအဆင့်တွင် ထိရောက်သောတိုင်ပင်ဆွေးနွေးအကြံပြုခြင်းများတိုးမြှင့်လုပ်ဆောင်ရန် တောင်းဆိုလျက်ရှိသည့် တည်ဆဲ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာ ပြဋ္ဌာန်းချက်များနှင့် ထောက်ခံချက်များဖြစ်သော လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခြင်းနှင့် စည်းရုံးခွင့်ကိုအကာအကွယ်ပေးခြင်းဆိုင်ရာ ပြဋ္ဌာန်းချက် (၁၉၄၈)၊ စည်းရုံးခွင့်နှင့် စုပေါင်းဆွေးနွေးအရေးဆိုခွင့်ဆိုင်ရာပြဋ္ဌာန်းချက် (၁၉၄၉)နှင့် တိုင်ပင်ဆွေးနွေးအကြံပြုခြင်း (စက်ရုံ၊ အလုပ်ရုံအဆင့်နှင့် အမျိုးသားအဆင့်များ) ဆိုင်ရာ ထောက်ခံချက် (၁၉၆၀) တို့ကိုသော်လည်းကောင်း၊ အကျိုးသက်ရောက်မှုများနှင့်ပတ်သက်သည့် ဆောင်ရွက်မှုများအပေါ် အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများတို့၏ တိုင်ပင်ဆွေးနွေးအကြံပြုခြင်းများအတွက် အထောက်အပံ့ပေးသည့် အထူးထူးသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ပြဋ္ဌာန်းချက်များနှင့် ထောက်ခံချက်များတို့ကို ပြန်လည်စဉ်းစားသုံးသပ်၍ သော်လည်းကောင်း၊

အစည်းအဝေး၏ အစီအစဉ် (၄) တွင်ပါရှိသည့် “ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာစံချိန်စံညွှန်းများကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သုံးဦးသုံးဖလှယ် ယန္တရားစနစ်ကိုတည်ဆောက်ခြင်း ” ဟူသော အကြောင်းအရာအပေါ် ဆင်ခြင်စဉ်းစား၍သော်လည်းကောင်း၊

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ စံချိန်စံညွှန်းများကို တိုးမြှင့်အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် သုံးဦးသုံးဖလှယ် တိုင်ပင်ဆွေးနွေးအကြံပြုခြင်းနှင့်စပ်လျဉ်းသည့် အဆိုပြုချက်အချို့တို့ကို လက်ခံကျင့်သုံးရန် ဆုံးဖြတ်ချက်ချမှတ်၍သော်လည်းကောင်း၊

၎င်းအဆိုပြုချက်များကို သုံးဦးသုံးဖလှယ်တိုင်ပင်ဆွေးနွေးအကြံပြုခြင်း (အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာစံချိန်စံညွှန်းများ) ဆိုင်ရာ ပြဋ္ဌာန်းချက် ဟု ခေါ်ဆိုမည့် အပြည်ပြည်ဆိုင်ရာပြဋ္ဌာန်းချက်တစ်ရပ်ပုံစံအဖြစ် ၁၉၇၆ ခုနှစ်၊ ဇွန်လ (၂၁) ရက်နေ့တွင် လက်ခံကျင့်သုံးခဲ့ကြပါသည်။

**အပိုဒ် (၁)**

ဤပြဌာန်းချက်ပါ **ကိုယ်စားပြုသောအဖွဲ့အစည်းများ** ဟူသောဝေါဟာရသည် လွတ်လပ်စွာအသင်းအပင်းဖွဲ့စည်းခွင့်ကို ရရှိခံစားလျက်ရှိသည့် အလုပ်ရှင်အဖွဲ့အစည်းများနှင့် အလုပ်သမားအဖွဲ့အစည်းများကို ဆိုလိုခြင်းဖြစ်သည်။

**အပိုဒ် (၂)**

(၁) အစိုးရကိုယ်စားလှယ်၊ အလုပ်ရှင်ကိုယ်စားလှယ်နှင့် အလုပ်သမားကိုယ်စားလှယ်များအကြား အောက်တွင်ဖော်ပြထားသော အပိုဒ် (၅) ပါ စာပိုဒ် (၁) တွင်သတ်မှတ်ပြဌာန်းထားသည့် အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ဆိုင်ရာ လုပ်ငန်းအစီအစဉ်များနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့်ပတ်သတ်ပြီး၊ ထိရောက်သောတိုင်ပင်ဆွေးနွေးအကြံပြုခြင်းများကို သေချာစွာဖြစ်ပေါ်စေနိုင်သည့် လုပ်ထုံးလုပ်နည်းများကို အကောင်အထည်ဖော်ဆောင်ရွက်စေရန် ဤပြဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံတိုင်းက တာဝန်ယူဆောင်ရွက်ရမည်။

(၂) နိုင်ငံအသီးသီးတွင် ကိုယ်စားပြုအဖွဲ့အစည်းများရှိသော်လည်း ဤအပိုဒ်၏စာပိုဒ် (၁) တွင်ပါရှိသည့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်းမပြုလုပ်ရသေးလျှင် ၎င်းကိုယ်စားပြုအဖွဲ့အစည်းများနှင့် တိုင်ပင် ဆွေးနွေးအကြံပြုပြီးနောက်တွင် အဆိုပါလုပ်ထုံးလုပ်နည်းများ၏ သဘောသဘာဝနှင့်ပုံစံကို နိုင်ငံ၏လုပ်ဆောင်မြဲ ကျင့်စဉ်နှင့်အညီဆုံးဖြတ်ချမှတ်ရမည်ဖြစ်ပါသည်။

**အပိုဒ် (၃)**

(၁) ကိုယ်စားပြုအဖွဲ့အစည်းများရှိသည့်နေရာတွင် ဤပြဌာန်းချက်ပါ လုပ်ထုံးလုပ်နည်းများကို ဖော်ဆောင်ရန်အတွက် အလုပ်ရှင်ကိုယ်စားလှယ်များနှင့် အလုပ်သမားကိုယ်စားလှယ်များကို ၎င်းတို့၏ကိုယ်စားပြုအဖွဲ့အစည်းများက လွတ်လပ်စွာရွေးချယ်ရမည်။

(၂) တိုင်ပင်ဆွေးနွေးအကြံပြုခြင်းဆောင်ရွက်မည့် အဖွဲ့အစည်းတိုင်းတွင် အလုပ်ရှင်များနှင့် အလုပ်သမားများသည် တန်းတူညီမျှကိုယ်စားပြုပါဝင်ရမည်။

**အပိုဒ် (၄)**

(၁) အခွင့်ရအာဏာပိုင်သည် ဤပြဌာန်းချက်တွင်ဖော်ပြပါရှိသည့် လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် စီမံအုပ်ချုပ်ရေးဆိုင်ရာ အထောက်အပံ့အတွက် လိုအပ်သည့်တာဝန်ဝတ္တရားများကို တာဝန်ယူဆောင်ရွက်ရမည်။

(၂) ဤလုပ်ထုံးလုပ်နည်းများတွင်ပါဝင်သူများအတွက် လိုအပ်သောသင်တန်းအစီအစဉ်များကို ဆောင်ရွက်ရာတွင် ထိုသင်တန်းများအတွက် လိုအပ်သောဘဏ္ဍာငွေအတွက် အခွင့်ရအာဏာပိုင်နှင့် ကိုယ်စားပြုသောအဖွဲ့အစည်းများအကြား လျော်ကန်စွာစီစဉ်ဆောင်ရွက်ရမည်။

**အပိုဒ် (၅)**

(၁) ဤပြဋ္ဌာန်းချက်တွင် ဖော်ပြပါရှိသည့်လုပ်ထုံးလုပ်နည်းများ၏ ရည်ရွယ်ချက်မှာ အောက်ပါအကြောင်းရာကိစ္စရပ်များအပေါ် တိုင်ပင်ဆွေးနွေးအကြံပြုရန်ဖြစ်သည်။

(က) အပြည်ပြည်ဆိုင်ရာ အလုပ်သမားညီလာခံ၏ အစည်းအဝေးအစီအစဉ်ပါ အကြောင်းအရာများနှင့် မေးခွန်းများအပေါ် အစိုးရ၏တုန့်ပြန်ဖြေကြားခြင်းနှင့် ညီလာခံတွင်ဆွေးနွေးရန်တင်ပြလာသည့် အဆိုပြုလွှာများအပေါ် အစိုးရ၏ထင်မြင်ချက်ပေးခြင်း၊

(ခ) အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အပိုဒ် (၁၉) အရ ပြဋ္ဌာန်းချက်များနှင့် အကြံပြုထောက်ခံချက်များအား တင်သွင်းခြင်းနှင့်စပ်လျဉ်းပြီး၊ အခွင့်ရအာဏာပိုင် (သို့) အာဏာပိုင်များထံ ပေးပို့မည့်အဆိုပြုချက်များ၊

(ဂ) အကျိုးသက်ရောက်မှုမရှိသေးသည့်အပြင် အတည်ပြုလက်မှတ်ရေးထိုးခြင်းပါမပြုရသေးသော ပြဋ္ဌာန်းချက်များ နှင့် ထောက်ခံချက်များအား သင့်လျော်သည့်ကြားကာလအချိန်တွင် ပြန်လည်စစ်ဆေးခြင်း၊ ၎င်းတို့၏ အကောင်ထည်ဖော်ဆောင်ရွက်မှုနှင့် အတည်ပြုလက်မှတ်ရေးထိုးခြင်းတို့ကိုလျော်ကန်သလို တိုးမြှင့်လုပ်ဆောင်ရန်အတွက် လုပ်ဆောင်ရမည့်အရာများကို စဉ်းစားသုံးသပ်ခြင်း၊

(ဃ) အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းပါ အပိုဒ် (၂၂) အရ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံးသို့တင်ပြမည့်အစီရင်ခံစာများမှ ထွက်ပေါ်လာသည့်ကိစ္စရပ်များ၊

(င) အတည်ပြုလက်မှတ်ရေးထိုးထားသည့် ပြဋ္ဌာန်းချက်များအားပျက်ပြယ်ကြောင်းကြေညာခြင်းဆိုင်ရာ အဆိုပြုချက်များ၊

(၂) ဤအပိုဒ်ပါ စာပိုဒ် (၁) တွင် ရည်ညွှန်းဖော်ပြထားသည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး လုံလောက်စွာ စဉ်းစားသုံးသပ်နိုင်ရန်အတွက် တိုင်ပင်ဆွေးနွေးအကြံပြုခြင်းများကို သဘောတူထားသည့် သင့်လျော်သော ကြားကာလအချိန်တွင် လုပ်ဆောင်ရမည်။ သို့သော်၊ အနည်းဆုံး တစ်နှစ်လျှင် တစ်ကြိမ်ပြုလုပ်ရမည်။

**အပိုဒ် (၆)**

ဤအပိုဒ်၏ စာပိုဒ် (၁) တွင် ရည်ညွှန်းဖော်ပြထားသည့် အကြောင်းအရာကိစ္စရပ်များကို အပြည့်အဝ ဆင်ခြင်သုံးသပ်မှုသေချာစေရန်အတွက် သဘောတူသတ်မှတ်ထားသည့် သင့်လျော်သောကြားကာလအချိန်တွင် တိုင်ပင်ဆွေးနွေးအကြံပြုခြင်းပြုရမည်။ အနည်းဆုံးတစ်နှစ်လျှင် တစ်ကြိမ်ကျပြုလုပ်ရမည်။ ကိုယ်စားပြုအဖွဲ့အစည်းများရှိပါက၊ ၎င်းတို့နှင့် တိုင်ပင်ဆွေးနွေးအကြံပြုပြီးနောက် ဤအခြင်းအရာကို လျော်ကန်စွာ ဆင်ခြင်သုံးသပ်ပြီးသောအခါတွင် ဤပြဋ္ဌာန်းချက်တွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်းသည့် နှစ်ပတ်လည်အစီရင်ခံစာကို အခွင့်ရအာဏာပိုင်က ထုတ်ပြန်ပေးရမည်။

**အပိုဒ် (၇)**

ဤပြဋ္ဌာန်းချက်အား နည်းလမ်းတကျအတည်ပြုလက်မှတ်ရေးထိုးထားခြင်းများကို မှတ်ပုံတင်ရန်အတွက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့၏ ညွှန်ကြားရေးမှူးချုပ်ထံသို့ ဆက်သွယ်အကြောင်းကြားရမည်။

**အပိုဒ် (၈)**

(၁) အတည်ပြုလက်မှတ်ရေးထိုးချက်များကို ညွှန်ကြားရေးမှူးချုပ်ထံ မှတ်ပုံတင်ပြီးသော အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ အဖွဲ့ဝင်နိုင်ငံများသာ ဤပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရမည်။

(၂) အဖွဲ့ဝင်နိုင်ငံနှစ်နိုင်ငံ၏ အတည်ပြုလက်မှတ်ရေးထိုးချက်များကို ညွှန်ကြားရေးမှူးချုပ်က မှတ်ပုံတင်သည့်ရက်မှ (၁၂) လ အကြာတွင် စတင်အာဏာသက်ရောက်စေရမည်။

(၃) ထိုမှနောက်တွင် အဖွဲ့ဝင်နိုင်ငံတိုင်းအဖို့ ၎င်းတို့၏အတည်ပြုလက်မှတ်ရေးထိုးခြင်းများအား မှတ်ပုံတင်ပြီးသည့် ရက်မှ (၁၂) လ အကြာတွင် ဤပြဋ္ဌာန်းချက်သည် စတင်အာဏာသက်ရောက်စေရမည်။

**အပိုဒ် (၉)**

(၁) ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးပြီးသော အဖွဲ့ဝင်နိုင်ငံသည် အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ ညွှန်ကြားရေးမှူးချုပ်ထံမှတ်ပုံတင်ရန်ဆက်သွယ်ပေးပို့ပြီး၊ ပြဋ္ဌာန်းချက်စတင်အာဏာ သက်ရောက်သည့်နေ့ရက်မှ (၁၀) နှစ်တာ ကာလကုန်ဆုံးပြီးနောက်တွင် ပြဋ္ဌာန်းချက်ကိုစွန့်လွှတ်ပျက်ပြယ်ကြောင်း ကြေညာနိုင်သည်။ ယင်းသို့စွန့်လွှတ်ပျက်ပြယ်ကြောင်းကြေညာခြင်းသည် မှတ်ပုံတင်ပြီးနောက် (၁) နှစ်ကြာသည်အထိ အတည်မဖြစ်ပါ။

(၂) ဤပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးပြီးသော အဖွဲ့ဝင်နိုင်ငံတိုင်းသည် ဤအပိုဒ်တွင်ပါရှိသည့် အတိုင်း ပေးအပ်ထားသည့် စွန့်လွှတ်ပျက်ပြယ်ကြောင်းကြေညာပိုင်ခွင့်ကို အထက်ပါစာပိုဒ်တွင် ဖော်ပြထားသည့် (၁၀) နှစ်ကုန်ပြီးနောက်တစ်နှစ်အတွင်း ကျင့်သုံးခြင်းမပြုပါက၊ နောက်ထပ် (၁၀) နှစ် လိုက်နာကျင့်သုံးရန် တာဝန်ရှိပြီး၊ ဤအပိုဒ်တွင် သတ်မှတ်ဖော်ပြထားသည့်စည်းကမ်းချက်များအရ (၁၀) နှစ်တာကာလ ကြာပြီး နောက်တွင် ဤပြဋ္ဌာန်းချက်ကိုစွန့်လွှတ်ပျက်ပြယ်ကြောင်း ကြေညာနိုင်သည်။

**အပိုဒ် (၁၀)**

(၁) အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် အဖွဲ့ဝင်နိုင်ငံများက ၎င်းထံသို့ ဆက်သွယ်ပေးပို့လာသည့် အတည်ပြုလက်မှတ် ရေးထိုးခြင်းများအားလုံးနှင့်ဆိုင်သည့် မှတ်ပုံတင်ခြင်းနှင့် စွန့်လွှတ်ပျက်ပြယ်ကြောင်း ကြေညာချက်တို့ကို အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့၏ အဖွဲ့ဝင်နိုင်ငံများ အားလုံး ထံသို့ ဆက်သွယ်အကြောင်းကြားရမည်။

(၂) ဒုတိယအကြိမ် အတည်ပြုလက်မှတ်ရေးထိုးခြင်းအား မှတ်ပုံတင်ခြင်းအတွက် ၎င်းထံသို့ဆက်သွယ် ပေးပို့လာသောအခါတွင် အာဏာသက်ရောက်မည့်နေ့ရက်ကို အဖွဲ့ဝင်နိုင်ငံများသတိချပ်မိစေရန် ညွှန်ကြားရေးမှူး ချုပ်မှ ဆောင်ရွက်ရမည်။

**အပိုဒ် (၁၁)**

အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ ညွှန်ကြားရေးမှူးချုပ်သည် အထက်ပါအပိုဒ်များ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ကုလသမဂ္ဂ၏စာချုပ်ပါ အပိုဒ် (၁၀၂) အရ၊ ၎င်းကမှတ်ပုံတင်ပေးသည့် ပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးခြင်းများနှင့် ပြဋ္ဌာန်းချက်ကိုစွန့်လွှတ်ပျက်ပြယ်ကြောင်းကြေညာချက်တို့ကို စုံလင်စွာပြုစုပြီး၊ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ထံသို့ ဆက်သွယ်ပေးပို့ရမည်။

**အပိုဒ် (၁၂)**

အပြည်ပြည်ဆိုင်ရာအလုပ်သမားရုံး၏ အုပ်ချုပ်မှုအဖွဲ့သည် လိုအပ်သည့်အချိန်တွင် ဤပြဋ္ဌာန်းချက်နှင့်စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်မှုအပေါ် အထွေထွေညီလာခံသို့ အစီရင်ခံစာတင်သွင်းလျက်၊ ပြဋ္ဌာန်းချက်တစ်ခုလုံးကိုသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းကိုသော်လည်းကောင်း ပြင်ဆင်တည်းဖြတ်ခြင်းနှင့်ပတ်သက်ပြီး၊ ညီလာခံ၏ အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရန်လိုမလိုကို စစ်ဆေးရမည်။

**အပိုဒ် (၁၃)**

(၁) ပြဋ္ဌာန်းချက်အသစ်က အခြားနည်းဖြင့်သတ်မှတ်ပြဋ္ဌာန်းခြင်းမရှိပါက၊ ညီလာခံသည် အသစ်ပြုပြင်ထားသည့်ပြဋ္ဌာန်းချက်ကို ယာယီလက်ခံရမည်။

(က) အထက်ပါ အပိုဒ် (၉) တွင်မည်သို့ပင်သတ်မှတ်ပြဋ္ဌာန်းထားစေကာမူ၊ ပြဋ္ဌာန်းချက်အသစ်သည် အာဏာသက်ရောက်သောအခါတွင် အဖွဲ့ဝင်နိုင်ငံတစ်ခုက အသစ်ပြင်ဆင်ထားသောပြဋ္ဌာန်းချက်ကို လိုက်နာရန် အတည်ပြုလက်မှတ်ရေးထိုးခြင်းသည် ယခင်ပြဋ္ဌာန်းချက်ကို ချက်ချင်းစွန့်လွှတ်ပျက်ပြယ် ကြောင်းကြေညာမှု ပါဝင်ပါသည်။

(ခ) အသစ်ပြင်ဆင်ထားသည့် ပြဋ္ဌာန်းချက် စတင်အာဏာသက်ရောက်သည့်နေ့ရက်မှစပြီး၊ ယခင်ပြဋ္ဌာန်းချက်အား အဖွဲ့ဝင်နိုင်ငံများအတည်ပြုလက်မှတ်ရေးထိုးဖို့အတွက် လမ်းဖွင့်ထားပေးခြင်းမှ ရပ်စဲမည်ဖြစ်သည်။

(၂) အသစ်ပြင်ဆင်ထားသည့် ပြဋ္ဌာန်းချက်ကို အတည်ပြုလက်မှတ်ရေးထိုးထားခြင်းမရှိသေးဘဲ၊ ယခင်ပြဋ္ဌာန်းချက်ကိုသာ အတည်ပြုလက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်နိုင်ငံများအတွက် ပြဋ္ဌာန်းချက်သည် ပုံစံအားဖြင့်ဖြစ်စေ၊ ပါဝင်သည့်အကြောင်းအရာ အနှစ်သာရအားဖြင့်ဖြစ်စေ၊ အာဏာသက်ရောက်မှု ရှိနေမြဲရှိနေစေရမည်။

**အပိုဒ် (၁၄)**

ဤပြဋ္ဌာန်းချက်အား အင်္ဂလိပ်ဘာသာစကားနှင့် ပြင်သစ်ဘာသာစကားတို့ဖြင့် ဘာသာပြန်ဆိုထားခြင်းများသည် အာဏာသက်ရောက်မှုအတူတူပင် ဖြစ်ပါသည်။